TRUSTWORTHY

by THE DeBoer FELLOWSHIP

# မှန်ကန်တဲ့ခေါင်းဆောင်မှု

## အကျပ်အတည်းကာလအတွင်းထိရောက်မှုရှိအောင်ဘယ်လို ဆက်သွယ်ဆောင်ရွက်သင့်သလဲ

---------

ခေါင်းဆောင်တစ်ယောက်အနေနဲ့ထိထိရောက်ရောက်ဆက်သွယ်ဆောင်ရွက်နိုင်ဖို့ ဘယ်လောက်အထိအရေးသလဲဆိုတာကိုတော့ ထပ်ပြီးပြောဖို့လိုမယ်မထင်ပါ။ DeBoer Fellowship ရဲ့ Trustworthy ကနေ အမေရိကန်ပြည်ထောင်စုအခြေစိုက် Business Insider မှာပါခဲ့ပြီးဖြစ်တဲ့ခေါင်းဆောင်မှုနဲ့အကျပ်အတည်းကာလတွင်း ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာဆောင်းပါးတစ်ပုဒ်ကိုအကျဉ်းချုပ်ပြန်လည်ဖော်ပြလိုပါတယ်။ ဒီဆောင်းပါးမှာတော့ COVID-19 ကဲ့သို့သော အကျပ်အတည်းကာလကိုဖြတ်သန်းနေရချိန်မှာ ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် မှန်ကန်တဲ့ခေါင်းဆောင်မှုကိုပြသနိုင်တဲ့ နည်းလမ်းခြောက်သွယ်ကို အကြံပြုထားတာပါ။

ခေါင်းဆောင်လုပ်သူတွေအနေနဲ့ အကျပ်အတည်းကာလကို မိမိအဖွဲ့အစည်းရဲ့တန်ဖိုးထားမှုတွေကို လက်တွေ့ကျင့်သုံးပြသဖို့အတွက် အခွင့်အရေးတစ်ခုအနေနဲ့အသုံးချနိုင်တယ်ဆိုတဲ့ သဘောကို အချက် ၆ ချက်နဲ့တင်ပြထားတာပါ။

**၁။ ပွင့်လင်းမြင်သာမှုရှိပါ** -- မိမိအဖွဲ့အစည်းကဝန်ထမ်းတွေအနေနဲ့ ဘာကိုမျှော်လင့်ထားရမှာလဲဆိုတာကိုရှင်းလင်းစွာအသိပေးပါ။ ဥပမာ ဝန်ဆောင်မှုအတွက် စောင့်ရမဲ့အချိန်ကြာနိုင်တယ်ဆိုရင် ကြိုတင်အသိပေးတာမျိုး။ ဒါမှမဟုတ် ကိုယ့်ရဲ့ထုတ်ကုန်ပစ္စည်းတခုခုကအထွက်နောက်ကျမယ်ဆိုခဲ့ရင် ကြိုတင်တောင်းပန်ပြီး နောက်ကို ဒီထက်အဆင်ပြေအောင်ဆောင်ရွက်ပါမယ်ဆိုတဲ့ကတိပေးပြီး ရှေ့ဆက်သွားတာမျိုးတွေ လုပ်ဖို့လိုပါလိမ့်မယ်။ ပွင့်လင်းမှုကိုမရှောင်ရှားဖို့အရေးကြီးပါတယ်။ မေးခွန်းတစ်ခုရဲ့အဖြေကိုမသိပါက မသိကြောင်းဝန်ခံပြောဆိုပြီး အဖြေကိုရှာပြီးပြန်လည်ဖြေကြားဖို့ ကြိုးစားသင့်ပါတယ်။

**၂။ မကြာခဏဆိုသလို ဆက်သွယ်မှုပြုလုပ်ပါ** — အဖွဲ့အစည်းတွင်း ဖြစ်စေ ပြင်ပ ပရိတ်သတ်နှင့်ဖြစ်စေ အချိန်နဲ့တစ်ပြေးညီဆက်သွယ်ဆောင်ရွက်ပြီးအသိပေးမှုတွေ ပြုလုပ်ခြင်းဟာ အကျပ်အတည်းကာလအတွင်းမှာတော့ ပိုတယ်ရယ်လို့မရှိနိုင်ပါ။

**၃။ ရှေ့ရေးကိုကြိုတွေးပြီးပြင်ဆင်ပါ** — လုပ်ငန်းလည်ပတ်မှုကိုရပ်ဆိုင်းရခြင်း၊ဝန်ထမ်းအရည်အတွက်လျှော့ချရန်လိုအပ်ခြင်း၊ဒဏ်ငွေပေးဆောင်ရန်လိုအပ်ခြင်း အစရှိသဖြင့် မလုပ်လိုသောအရာများလို ပြုလုပ်ဖို့လိုအပ်လာတဲ့အခါမှာ ကြိုတင်ပြင်ဆင်မှုရှိခြင်းက ကိုယ့်အတွက်အားသာဖြစ်စေပါတယ်။ ခေါင်းဆောင်တွေအနေနဲ့ အနာဂတ်ကာလမှာ ဖြစ်လာနိုင်တာတွေကို ကြိုတင်တွက်ဆပြီး မြန်မြန်နဲ့ရဲရဲဆုံးဖြတ်ဆောင်ရွက်ကြဖို့နဲ့ ဘာကြောင့်အဲဒီလိုဆောင်ရွက်ရကြောင်းကိုပွင့်ပွင့်လင်းလင်းအသိပေးဖို့က အရေးကြီးတယ်လို့ Business Insider ကအကြံပြုထားပါတယ်။

**၄။ အကျိုးနဲ့အကြောင်းဆီလျော်မှုကိုဆန်းစစ်ပါ** — အကျပ်အတည်းကာလကို ရောက်ရတဲ့အကြောင်းရင်းနဲ့အခြေအနေကို အသိအမှတ်ပြုဖို့လိုပါတယ်။ ဥပမာ Fitness နဲ့ပတ်သက်တဲ့ဝန်ဆောင်မှုပေးရတဲ့လုပ်ငန်းတစ်ခုမှာပြည်သူ့ကျန်းမာရေးအခြေအနေတစ်ခုကြောင့်လုပ်ငန်းရပ်နားထားရမည်ဆိုပါက မိမိဝန်ဆောင်မှုလုပ်ငန်းရဲ့ဖေါက်သည်တွေကို သူတို့ရဲ့ကျန်မာရေးသာလျှင် ပဓာနဖြစ်ကြောင်းကို အသိပေးဖို့လိုအပ်ပါတယ်။

**၅။ အခက်အခဲကိုပြောတဲ့အခါ ဖြစ်နိုင်ချေရှိတဲ့အဖြေကိုပါတင်ပြပါ** — တာဝန်ရှိသူတွေကို ပြဿနာအကြောင်းပြောပြတာထက် အဖြေကိုရှေ့တန်းတင်ဖေါ်ပြဖို့က ပိုပြီးအရေးကြီးပါတယ်။ အပြောင်းအလဲတွေကြားမှာသဟဇာတဖြစ်မှုနဲ့ရလဒ်ကောင်းကိုရရှိအောင်ဆောင်ရွက်နိုင်တဲ့အစွမ်းရှိတယ်ဆိုတာကို ထိရောက်တဲ့ဆက်သွယ်ဆောက်ရွက်မှုတွေနဲ့ပြသနိုင်ဖို့ပါ။ ဥပမာ လူစုပြီးလုပ်လေ့ရှိတဲ့ Yoga သင်တန်း ဒါမှမဟုတ် အလုပ်ရုံဆွေးနွေးပွဲကိုon line ကနေပြုလုပ်နိုင်တဲ့အသွင် အချိန်မှီပြောင်းလဲပြုလုပ်နိုင်တာမျိုးလည်းဖြစ်နိုင်ပါတယ်။

**၆။ မိမိဝန်ထမ်းနဲ့လုပ်ဖေါ်ကိုင်ဖက်တွေအပေါ် ဂရုစိုက်မှုကိုသိစေပါ** — မိမိအဖွဲ့အစည်းတွင်း ဝန်ထမ်းတွေနဲ့လုပ်ဖေါ်ကိုင်ဖက်တွေအပေါ် ဂရုတစိုက် ဆက်ဆံကြောင်းကို အပြင်ပရိတ်သတ်များကိုလည်းအသိပေးပါ။ ကိုယ့်အဖွဲ့အစည်းရဲ့ထင်သာ



PHOTO | DeBoer Fellowship Archive




PHOTO | DeBoer Fellowship Archive

မြင်သာရှိမှုကို အပြုသဘောဆောင်ဖေါ်ပြရာရောက်သလို အဖွဲ့အစည်းအနေနဲ့ခက်ခဲကျပ်တည်းချိန်မှာ ကိုယ့်အဖွဲ့ဝင်တွေ ဝန်ထမ်းတွေကို ဘယ်လို ဂရုစိုက်ဆက်ဆံသလဲဆိုတာကိုလည်းသိစေနိုင်ပါတယ်။

အထက်ကဖေါ်ပြခဲ့တာတွေကတော့ အခုလိုမထင်မှတ်ထားဘဲ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ရင်ဆိုင်နေရတဲ့အခက်အခဲကာလမှာ ထိရောက်တဲ့ဆက်သွယ်မှုနဲ့ဘယ်လိုကျော်လွှားကြမှာလဲဆိုတာပါပဲ။ ခေါင်းဆောင်မှုပေးနေရသူတွေအနေနဲ့ အခက်အခဲကိုအခွင့်အရေးအဖြစ်ပြောင်းလဲအသုံးပြုနိုင်ကြပါစေ။

မူရင်းဆောင်းပါးကို အင်္ဂလိပ်ဘာသာဖြင့် အောက်ပါလင့်မှာ ဖတ်ရှုနိုင်ပါတယ်။

[6 ways you can show true leadership during a crisis like COVID-19, and how to communicate effectively with your employees and clients]

(Business Insider, March 2020)